WHERE EVERY CHILD SUCCEEDS

MY MYANMAR

INTERNATIONAL SCHOOL





# Special Educational Needs Policy

www.mymyanmarschool.com

# Special Educational Needs Policy

'Special Educational Needs' is a term that refers to children with learning disabilities that make it harder for them to learn than most children of similar age. The spectrum of learning disabilities is very broad and complex.

Intellectual disability for instance inhibits an individual; from adaptive behavior, simple communication and from simple day to day tasks like washing hands among other things. There are various other types of disabilities ranging from the muscular/physical to the cognitive and to the emotional quotient of an individual. These conditions are mostly genetic in nature and require specific professional help, as they manifest in various forms and in varying degrees over varying periods of time.

Given this complexity, the My Myanmar International School has adopted a Special Needs Education Policy to ensure a safe and secure environment for all learners.

## Purpose & Objectives

The Special Needs Education Policy is aimed towards the assistance of young learners with disabilities, the degree of which is manageable and within the reach of the school. Early interventions have been shown to improve the developmental outcome of a child with special needs. The school banks on any such opportunity that will assist the transition of a child with special needs into our mainstream educational service and thereby assist them in exploring their abilities to their full potential.

## Policy Scope

- Admissions for children with special needs may be considered by the school after careful internal assessment. The school's ability to educate the child in the main stream will determine any such intake.
- Such admissions will not be influenced by any external medical document or recommendation.
- Any special needs admission to the school will require a full disclosure from the parents regarding the history of or existing special needs/condition.
- There could be instances, where the anomalies of a student with special needs may frequently exhibit a tendency towards violence and prove to be unsafe for both the said individual and others around him/her. In such cases, the parent/guardian will be consulted and advised to seek for professional help outside of the school's capacity/reach. In severe cases, the school may be required to temporarily withhold attendance of the said individual on grounds of security and to allow time for professional help and recovery. Readmissions will be based on the school's reassessment of admissibility. All decisions of the school will pivot around the best interests of the child with special needs.

# အထူးပညာရေးလိုအပ်ချက်များမူဝါဒ

“အထူးပညာရေးလိုအပ်ချက်များ" ဆိုသည့်ဝေါဟာရသည် အသက်အရွယ်တူအခြားကလေးများထက် သင်ယူရန်ပိုမိုခက်ခဲသော သင်ယူမှုဆိုင်ရာမသန်စွမ်းမှုရှိသည့်ကလေးများကိုရည်ညွှန်းပါသည်။ ဤသင်ယူမှုဆိုင်ရာမသန်စွမ်းမှုများ၏နယ်ပယ်သည် အလွန်ကျယ်ပြန့်ပြီးရှုပ်ထွေးမှုရှိသည်။

ဥပမာအားဖြင့်- ဉာဏ်ရည်အားနည်းမှုသည် လူတစ်ဦးအားလိုက်လျောညီထွေပြုမှု၊ ရိုးရှင်းသောဆက်သွယ်ရေးနှင့် လက်ဆေးခြင်းကဲ့သို့သော နေ့စဉ်လုပ်ငန်းဆောင်တာများမှဟန့်တားနိုင်သည်။ အခြားသောမသန်စွမ်းမှုများတွင် ကြွက်သား/ကိုယ်ခန္ဓာဆိုင်ရာ၊ ဉာဏ်ရည်နှင့်စိတ်ခံစားမှုဆိုင်ရာ အကြောင်းရင်းများပါဝင်သည်။ ဤအခြေအနေများသည်အများအားဖြင့်ဗီဇဆိုင်ရာဖြစ်ပြီး ကွဲပြားသောပုံစံများနှင့်အချိန်ကာလအလိုက် အဆင့်မျိုးစုံတွင်ပြသလေ့ရှိသောကြောင့် သက်ဆိုင်ရာပညာရှင်များ၏ အထောက်အပံ့လိုအပ်ပါသည်။

ဤအခက်အခဲများကိုထည့်သွင်းစဉ်းစားလျက် My Myanmar International School သည် ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံသောပတ်ဝန်းကျင်ကိုဖန်တီးရန် "အထူးပညာရေးလိုအပ်ချက်များမူဝါဒ" ကိုချမှတ်ထားသည်။

## ရည်ရွယ်ချက်နှင့် ဦးတည်ချက်များ

ဤမူဝါဒသည် ကျောင်း၏လုပ်ဆောင်နိုင်စွမ်းအတွင်းရှိ အထူးလိုအပ်ချက်ရှိသောကလေးများအား ကူညီရန်ရည်ရွယ်သည်။ စောလျှင်စွာပံ့ပိုးမှုများသည် အထူးပညာရေးလိုအပ်ချက်ရှိသောကလေး၏ ဖွံ့ဖြိုးမှုကိုမြှင့်တင်နိုင်ကြောင်း လေ့လာချက်များကဖော်ပြသည်။ ကျောင်းသည်ပင်မပညာရေးစနစ်အတွင်းသို့ အကူးအပြောင်းကာလအတွင်း ကလေး၏အရည်အချင်းကို အပြည့်အဝအသုံးချခွင့်ရနိုင်စေရန်ကူညီပေးမည်။

## မူဝါဒအကျုံးဝင်မှု

- **ကျောင်းဝင်ခွင့်** : အထူးပညာရေးလိုအပ်ချက်ရှိသော ကလေးများအား ကျောင်း၏အတွင်းပိုင်းအကဲဖြတ်မှုအပေါ်မူတည်၍လက်ခံပါမည်။ ပင်မပညာရေးစနစ်တွင် ကလေးအား ပညာသင်ကြားနိုင်စွမ်းကိုအခြေခံ၍ဆုံးဖြတ်ပါမည်။
- **ပြင်ပစာရွက်စာတမ်းများ** : ကျောင်းဝင်ခွင့်ကို ပြင်ပဆေးဘက်ဆိုင်ရာစာရွက်စာတမ်း (သို့မဟုတ်) အကြံပြုချက်ဖြင့် လွှမ်းမိုးခြင်းမရှိပါ။
- **မိဘများ၏ပြည့်စုံသောထုတ်ဖော်ပြသမှု** : အထူးပညာရေးလိုအပ်ချက်ရှိသောကလေးအားလက်ခံရာတွင် မိဘများမှ ယခင်ကတည်းက(သို့မဟုတ်)ယခုလက်ရှိအခြေအနေများကို အပြည့်အဝဖော်ပြရန်လိုအပ်ပါသည်။
- **အကြမ်းဖက်မှုဆိုင်ရာအခြေအနေ** : အထူးပညာရေးလိုအပ်ချက်ရှိသောကျောင်းသားတစ်ဦးသည် မကြာခဏအကြမ်းဖက်မှုများပြသပါက မိဘ/အုပ်ထိန်းသူနှင့်တိုင်ပင်ပြီး ကျောင်း၏စွမ်းဆောင်နိုင်မှုထက်ကျော်လွန်ပါက ကျွမ်းကျင်သူများ၏အကူအညီယူရန်အကြံပြုပါမည်။ ပြင်းထန်သောကိစ္စများတွင် လုံခြုံရေးအရ ကျွမ်းကျင်သူများနှင့်ကုသမှုအချိန်ပေးရန် ကျောင်းတက်ခွင့်ကိုယာယီရပ်ဆိုင်းနိုင်သည်။ ပြန်လည်ဝင်ခွင့်အတွက် ကျောင်း၏ပြန်လည်အကဲဖြတ်မှုကိုလိုအပ်ပါသည်။
- **အရေးကြီးသော** : ကျောင်း၏ဆုံးဖြတ်ချက်အားလုံးသည် အထူးပညာရေးလိုအပ်ချက်ရှိသောကလေး၏အကျိုးစီးပွားကိုအခြေခံပါသည်။